# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

September 13 , 2023 | Volume 70, Number 9

၁၃.၉.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၀၉ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၅၃.၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၄၂.၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၁၇.၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၄၅.၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၈.၄၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၃၁၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၇.၉၅ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၈.၇၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၈.၇၁၇ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့်နှမ်းသီးနှံများ ပြည်ပတင်ပို့မှု တိုးမြှင့်နိုင်ရေးနှင့် စပ်လျဉ်းသည့် ညှိနှိုင်းဆွေးနွေးပွဲသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး တက်ရောက်အမှာစကားပြောကြား



စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့၊ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံး၊ အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့်နှမ်းသီးနှံများ ပြည်ပတင်ပို့မှု တိုးမြှင့်နိုင်ရေးနှင့်စပ်လျဉ်းသည့် ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်၍ အမှာစကား ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ပဲမျိုးစုံ၊ ပြောင်းနှင့်နှမ်းများ စိုက်ပျိုးထုတ်လုပ်မှု မြှင့်တင်ကာ ပြည်ပဈေးကွက်သို့ တိုးတက်တင်ပို့နိုင်ရေး၊ ပြည်တွင်းကောက်ပဲသီးနှံ ဈေးကွက် တည်ငြိမ်ရေးကိစ္စများကိုလည်းကောင်း၊ ဆီထွက်သီးနှံဖြစ်သည့် နှမ်းနှင့်မြေပဲကို ပြည်တွင်းစားသုံးရန်၊ ထုတ်လုပ်မှုမထိခိုက်စေဘဲ ပြည်ပသို့တင်ပို့ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ ပဲမျိုးစုံ ပြည်တွင်းဈေးကွက်တွင် ကြိုရောင်း၊ ကြိုဝယ် ကိစ္စရပ်များကိုအခြေခံကာ ဈေးကစားဆောင်ရွက်မှုများမရှိစေရေးနှင့် ပဲမျိုးစုံနှင့်နှမ်းများကို ပြည်ပသို့ တရားမဝင်တင်ပို့ခြင်းအား အစိုးရနှင့်လုပ်ငန်းရှင်များ ပူးပေါင်း တားဆီး ဆောင်ရွက်ရေးကိစ္စရပ်များကိုလည်းကောင်း၊ ပဲမျိုးစုံ၊ ပြောင်းနှင့်နှမ်းစိုက်ပျိုး ထုတ်လုပ် တင်ပို့မှု ပိုမိုတိုးတက်ရေးအတွက် စိုက်ပျိုးထုတ်လုပ်သူတောင်သူများ၊ ပို့ကုန် လုပ်ငန်း

ရှင်များ၊ အသင်းအဖွဲ့များနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ ပူးပေါင်းဆောင်ရွက်သွားနိုင်ရေးတို့ကိုလည်းကောင်း အသေးစိတ်ဆွေးနွေးပြောကြားခဲ့ပါသည်။ ထို့နောက် မြန်မာနိုင်ငံ ပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်းမှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆက်လက်ဆောင်ရွက်မည့်ကိစ္စရပ်များနှင့်ပတ်သက်၍ တင်ပြဆွေးနွေးခဲ့ရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%94%E1%80%B1%E1%

## လွယ်ဂျယ်နှင့် ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှုအခြေအနေ

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့်ကံပိုင်တည် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်မှ ၈ ရက်နေ့များအတွင်း တင်ပို့ခဲ့သော ပို့ကုန်၏ငွေပမာဏစုစုပေါင်းတန်ဖိုးမှာ ၄၄၅၄၇၇.၈၃၀ ကန်ဒေါ်လာ တင်ပို့မှုရှိခဲ့ပြီး၊ သွင်းကုန်၏ စုစုပေါင်းငွေပမာဏတန်ဖိုးမှာ ၁၄၈၀၁၆.၇၇၀ ကန်ဒေါ်လာ တင်သွင်းမှုရှိခဲ့ပါသည်။

တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှာ တစ်သျှူးငှက်ပျော၊ ဆန်၊ ပဲတီစိမ်း၊ Lead Carbonate နှင့် ပြောင်းများတင်ပို့ခဲ့ကြောင်းသိရှိရပါသည်။ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏသည် ၁၂၀၄၃၇.၃၀၀ ကန်ဒေါ်လာဖြစ်ပြီး၊ ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏတန်ဖိုးမှာ ၃၂၅၀၄၀.၅၃၀ ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

သွင်းကုန်ပစ္စည်းများမှာ ချည်ထည်များ၊ ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ ကုန်ထုတ်စက်ကူများ၊ သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ ပလပ်စတစ်ပိုက်၊ သံပိုက်နှင့် မြက်ခင်းတုများ တင်သွင်းမှုရှိခဲ့ပါသည်။ ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၆၀၈၃၄.၁၂၀ တင်သွင်းမှုရှိခဲ့ပြီး၊ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏတန်ဖိုးမှာ ကန်ဒေါ်လာ ၈၇၁၈၂.၆၅၀ တင်သွင်းမှုရှိခဲ့ပါသည်။

မြန်မာကျပ်ငွေနှင့် တရုတ်ယွမ်ငွေလဲနှုန်းမှာ မြန်မာငွေ ၁ ကျပ်လျှင် တရုတ်ငွေ ၀.၃၄၆ ယွမ်ရှိပြီး တရုတ်ငွေ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၂၈၉.၀၁ ကျပ်ရှိကြောင်း သိရှိရပါသည်။

Source: **Myantrade Kachin**

## ပို့ကုန်အမည်သစ်ဖြစ်လာရန် အလားအလာရှိသည့် ကချင်ပြည်ဒေသထွက် ရှောက်ကော

ကချင်ပြည်နယ်တောင်တန်းဒေသထွက် ဟင်းခတ်အမွှေးအကြိုင်ဖြစ်သည့် ရှောက်ကောအား တရားဝင်ကုန်သွယ်မှုလမ်းကြောင်းမှ ကုန်သွယ်မှုပြုနိုင်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နန်နင်းမြို့တွင် (၂၀) ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲ (The 20th China-ASEAN Expo) ကို ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့မှ ၁၉ ရက်နေ့အထိ ကျင်းပပြုလုပ်မည့် ကုန်စည်ပြပွဲသို့ ကချင်ပြည်နယ်မှ MSME လုပ်ငန်းရှင်များ လိုက်ပါသွားရောက်၍ ဈေးကွက်ရရှိရေးကုန်ပစ္စည်း နမူနာပေးမိတ်ဆက်ပြီး ဈေးကွက်ရှာဖွေမည်ဖြစ်ကြောင်း သိရပါသည်။

ကချင်ပြည်နယ်တောင်တန်းဒေသတွင်သာ ထွက်ရှိသည့် ပို့ကုန်အမည်သစ်ဖြစ်ရန် အလားအလာရှိသည့် ရှောက်ကောကို တရုတ်လူမျိုးများက ဘယဆေးအဖြစ်သုံးခြင်းနှင့် ဟင်းခတ်အမွှေးအကြိုင်တို့တွင် တွင်တွင်ကျယ်ကျယ် အသုံးပြုခြင်းတို့ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်၊ ရှောက်ကောပင်သည် စိမ့်ဆန်သောမြေမျိုးတွင် အလေ့ကျပေါက်ရောက်လျက်ရှိပြီး အဆိုပါ ရှောက်ကောကို ဒေသခံပြည်သူများက ဟင်းထဲတွင်ထည့်၍ အသုံးပြုခဲ့ရာမှ လူကြိုက်များလာပြီး ပြည်တွင်းဈေးကွက်ထဲတွင် ရှိနေခဲ့ပါသည်။ ယခင်က တရုတ်ပြည်သို့ တရားမဝင်ကုန်သွယ်မှုဖြင့် တရုတ်ပြည်ဈေးကွက်ထဲသို့ ဈေးကွက်ထိုးဖောက်သည့်အချိန်တွင် တရုတ်ပြည်စားသုံးသူများအနေဖြင့် ဟင်းခတ်အမွှေးအကြိုင်တွင် အသုံးများသည့် ပစ္စည်းတစ်ခုဖြစ်ကြောင်း သိရှိရပါသည်။

ရှောက်ကောကို ကချင်ပြည်နယ်တောင်တန်းဒေသများတွင် အလေ့ကျပေါက်ရောက်သည်ဆိုသော်လည်း လူအများက အသုံးပြုအာရုံစိုက်လာကြချိန်တွင် ဒေသခံပြည်သူများက အပင်များကို ပြုစုပျိုးထောင်လာကြခြင်းကြောင့် ယခုအခါ တစ်နှစ်လျှင် တန်ချိန် (၁၅၀၀၀) တစ်သောင်းငါးထောင်ခန့်ရရှိမည်ဟု ခန့်မှန်းရကြောင်း၊ အကယ်၍ တရုတ်ပြည်နှင့် တရားဝင်တင်ပို့ရန် ဈေးကွက်ချိတ်ဆက်မိပါက ထုတ်ကုန်၏ တန်ဖိုးကွင်းဆက်တစ်လျှောက် ဒေသခံပြည်သူအများစု အလုပ်ရရှိ၍ ဝင်ငွေပိုမိုရလာပြီး နိုင်ငံတော်အတွက် အခွန်အခရရှိကာ ကုန်သွယ်မှုပမာဏ တိုးတက်လာမည်ဖြစ်ကြောင်း ကုန်သွယ်မှုပြုလုပ်နေသည့် ဒေသခံလုပ်ငန်းရှင်တစ်ဦးမှ ပြောပြပါသည်။

**Source: Myantrade Kachin**

## ဖျာပုံမြို့နယ်မှ ရန်ကုန်မြို့သို့ ဩဂုတ်လအတွင်း ငါးသလောက်ပိဿာချိန် ၇၉၀၀၀ အထိ တင်ပို့ရောင်းချရ



ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်မြို့သို့ ဩဂုတ်လအတွင်း ငါးသလောက်ပိဿာချိန် ၇၉၀၀၀ အထိ တင်ပို့ရောင်းချရကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းရှင် ဒေါ်ပေါက်ထံမှ သိရသည်။

ဖျာပုံမြို့နယ်၌ ပြီးခဲ့သည့်ဇွန်လနှင့် ဇူလိုင်လတို့အတွင်းက ငါးသလောက်ပိဿာချိန် ၄၅၅၀၀ အထိသာ တင်ပို့ရောင်းချရပြီး ဩဂုတ် ၁ ရက်မှ ၃၁ ရက်အထိ ငါးသလောက် ပိဿာချိန် ၇၉၀၀၀ အထိ တင်ပို့ရောင်းချရကြောင်း၊ အဆိုပါဒေသမှ ရန်ကုန်မြို့သို့ ပြီးခဲ့သည့်လများထက် ဩဂုတ်လအတွင်းက ငါးသလောက်ပိဿာချိန် ၃၃၅၀၀ အထိ ပိုမိုတင်ပို့ရောင်းချရကြောင်း သိရသည်။ "ဒေသထွက် ရေထွက်ကုန်တွေကို ရန်ကုန်မြို့ကို ပုံမှန်အဆင်ပြေပြေ တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့တစ်လအတွင်း ငါးသလောက်ပိဿာချိန် ၃၃၅၀၀ အထိ ပိုပြီးတင်ပို့ရောင်းချရတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ငါးသလောက်ကလည်း လတ်ဆတ်မှုနဲ့ အရွယ်အစား အလေးချိန်အပေါ်မူတည်ပြီး ဈေးအပြောင်းအလဲရှိပါတယ်။ လက်ရှိအချိန်အထိလည်း ငါးသလောက်တွေ အဝယ်လိုက်နေပါတယ်။ ဒီဘက်ကနေတင်ပို့တဲ့ ငါးသလောက်တွေကို ဒေသဈေးကွက်က ဒေသတွင်းအပြင် အခြားဒေသတွေကို ပြန်လည်တင်ပို့ရောင်းချနေတယ်"ဟု ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းရှင် ဒေါ်ပေါက်ကပြောသည်။

ဖျာပုံမြို့နယ်မှတင်ပို့ ရောင်းချခဲ့သည့် ငါးသလောက် အသေးတစ်ပိဿာလျှင် ငွေကျပ် ၁၇၅၀၀ ၊ အလတ်တစ်ပိဿာလျှင် ငွေကျပ် ၁၉၅၀၀ မှ ၃၅၀၀၀ ၊ အကြီးတစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀၀ မှ ၆၇၀၀၀ အထိ အရွယ်အစားအပေါ်မူတည်ကာ ဈေးအပြောင်းအလဲရှိကြောင်း၊ အဆိုပါ ငါးသလောက်များ အရောင်းအဝယ် ပုံမှန်တင်ပို့ရောင်းချနေရသည့်အတွက် ရေလုပ်သားများ၊ တစ်နိုင်တစ်ပိုင် အရောင်းအဝယ်လုပ်ငန်းရှင်များနှင့် ပွဲရုံလုပ်ငန်းရှင်များ၊ ကုန်သည်များနှင့်

ကုန်တင်ယာဉ်အငှားလိုက်လုပ်ငန်းရှင်များ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

Source: https://www.myawady.net.mm/node/45675

## တနင်္သာရီတိုင်းတွင် ဆီအုန်းစိုက်ဧက (၄) သိန်းခန့်ရှိပြီး ဆီကြိတ်စက်နှင့်ဆီချက်စက်ရုံများ လိုအပ်နေ



တနင်္သာရီတိုင်းဒေသကြီးအတွင်း၌ လွန်ခဲ့သည့် နှစ် (၃၀) ကျော်ခန့်မှ ဆီအုန်းစိုက်ပျိုးမှု စတင်ခဲ့ပြီး ယခုအခါ ဆီအုန်းကုမ္ပဏီပေါင်း (၃၉) ခုဖြင့် ဆီအုန်းစိုက်ဧကပေါင်း (၃၉၅,၇၂၁) ဧက စိုက်ပျိုးထားကြောင်း တနင်္သာရီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဆီအုန်းစိုက်ပျိုးအောင်မြင်နိုင်သည့် ရေ၊ မြေစသည့် ရာသီဥတု အခြေအနေများကြောင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းတွင် ပြည်တွင်း သာမက ပြည်ပကုမ္ပဏီများကပါ ဆီအုန်းစိုက်ပျိုးမှုအတွက် လာရောက် ရင်းနှီးမြှုပ်နှံလုပ်ကိုင်ကြခြင်းဖြစ်သည်။

၂၀၂၃-၂၀၂၄ ခုနှစ် ဧပြီလမှဩဂုတ်လအထိ ကောက်ယူထားတဲ့ စာရင်းများအရဆိုရင် တနင်္သာရီတိုင်းဒေသကြီးအတွင်းမှာ ရှိတဲ့ ထားဝယ်ခရိုင်၊ မြိတ်ခရိုင်၊ ဘုတ်ပြင်းခရိုင်နှင့် ကော့သောင်းခရိုင်စတဲ့ ခရိုင် (၄) ခုမှာ ဆီအုန်းစိုက်ဧကပေါင်း (၃၉၅,၇၂၁) ဧကရှိပါတယ်။ ဆီသီးခိုင် ခူးနိုင်တဲ့ဧက (၁၈၃,၃၂၁) ဧကရှိတယ်။ တစ်ဧကအထွက်နှုန်းကတော့ (၂.၇၄) တန် ထွက်ရှိ ပါတယ်။ စုစုပေါင်း ဆီသီးခိုင်ထွက်ရှိမှုကတော့ (၅၀၂,၈၂၅) တန်ထွက်ရှိပါတယ်" ဟု တနင်္သာရီတိုင်းစိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်း၌ ဆီအုန်းစိုက်ပျိုးသည့် ကုမ္ပဏီပေါင်း (၃၉) ခုနှင့် ပုဂ္ဂလိကခြံရှင် (၄၀) နီးပါးခန့်ရှိပြီး ထွက်ရှိလာသည့် ဆီသီးခိုင်အများစုကို ဘုတ်ပြင်းခရိုင်နှင့်ကော့သောင်းခရိုင်အတွင်းရှိ ဆီကြိတ်စက်များသို့ သွားရောက် ရောင်းချရသဖြင့် အလေအလွင့်များနှင့်ကုန်ကျမှုစရိတ်စကများပြားကြောင်း ယခုလက်ရှိတွင် ဆီသီးခိုင်ဈေးနှုန်းမှာ တစ်တန် လျှင် ငွေကျပ် (၃၃၀,၀၀၀) ခန့် ပေါက်ဈေးရှိကြောင်း သိရသည်။

"ကျွန်တော်တို့ခြံက ထွက်ရှိတဲ့ ဆီသီးခိုင်တွေကို တောင်ဒဂုံစက်ရုံမှာ သွားရောက်ရောင်းချနေရတယ်။ ဆီအုန်းစိုက်ပျိုးမှုက ယခုလက်ရှိမှာ တွက်ခြေကိုက်ပေမယ့် ထွက်ရှိလာတဲ့ ဆီသီးခိုင်တွေ သွားရောက်ရောင်းချရတာဝေးတော့ စရိတ်တွေကုန်ကျမှုနဲ့ အလေအလွင့်တွေရှိပါတယ်။

မြိတ်ခရိုင်အတွင်းမှာသာ ဆီကြိတ်နဲ့ဆီချက်စက်ရုံတွေသာ ရှိမယ်ဆိုရင်တော့ ကျွန်တော်တို့ ခြံရှင်တွေအတွက် ပိုပြီး အဆင်ပြေလာနိုင်သလို စိုက်ပျိုးသူတွေအနေနဲ့ ဆီသီးခိုင်အထွက်ကောင်းဖို့ ကြိုးစားဆောင်ရွက်လာမယ်။ အလေအလွင့်မရှိ စက်ရုံများကို အချိန်တိုအတွင်း ပို့ဆောင်နိုင်ရင် စရိတ်စကသက်သာလာပြီး ဝင်ငွေများလည်း တိုးပွားလာနိုင်ပါတယ်" ဟု မြိတ်မြို့နယ်အတွင်း ဆီအုန်းစိုက်ပျိုးလုပ်ကိုင်နေသူတစ်ဦးက ပြောကြားသည်။

ဒေသခံတောင်သူများနှင့်ကုမ္ပဏီများမှ ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းကို ထိထိရောက်ရောက် စိုက်ပျိုးလုပ်ကိုင်ပါက ဆီအုန်း စတင်စိုက်ပျိုးသည့်အချိန်မှ (၅) နှစ်ခန့် ကြာလာသည့်အခါတွင် စီးပွားဖြစ်ဆွတ်ခူးနိုင်မည်ဖြစ်သည်။ နောက်ထပ် (၃) နှစ် လောက် ကာလအကြာတွင် အရင်းကြေကာလတစ်ခုကို ရောက်ရှိလာသည့်အပြင် နောက်ထပ် နှစ်ပေါင်း (၂၀) ကျော် ကြာသည့်အထိ ဆီသီးခိုင်များ ထုတ်လုပ်နိုင်မည်ဖြစ်၍ ဝင်ငွေများလည်း ပိုမိုရရှိသွားမည့် စိုက်ပျိုးရေးလုပ်ငန်းတစ်ခု ဖြစ်ကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်းတွင် ဆီကြိတ်စက်ရုံများ တည်ရှိမှုမှာ ထားဝယ်ခရိုင်တွင် (၁) ခု၊ မြိတ်ခရိုင်တွင် (၁) ခု၊ ဘုတ်ပြင်းခရိုင်တွင် (၂) ခုနှင့် ကော့သောင်းခရိုင်တွင် (၂) ခု စုစုပေါင်း ဆီကြိတ်စက်ရုံ (၆) ခု ရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြန်မာနိုင်ငံတွင် ဆီအုန်းစိုက်ပျိုး အောင်မြင်ဖြစ်ထွန်းမှုတွင် တနင်္သာရီတိုင်းဒေသကြီး တစ်ခုတည်းသာရှိသောကြောင့် မြိတ်ခရိုင်၌ ဆီကြိတ်စက်ရုံနှင့် ဆီချက်စက်ရုံ၊ ကော့သောင်းခရိုင်၌ ဆီချက်စက်ရုံများဖြစ်ပေါ်လာရန် ကုမ္ပဏီများနှင့်ဒေသခံ

ဆီအုန်းစိုက်ပျိုးသူ ခြံရှင်များက မျှော်လင့်နေကြကြောင်း သိရသည်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/6857-palm-oil-farm-in-myanmar.html

## ဓနုဖြူမြို့နယ်တွင် ချင်း ၁၀ ပိဿာလျှင် ငွေကျပ် ၇၅၀၀၀ ထိ ဈေးကောင်းရရှိ



ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်တွင် ချင်း ၁၀ ပိဿာလျှင် ငွေကျပ် ၇၅၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း ဓနုဖြူမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ဌေးက ပြောပြ၍ သိရသည်။

ဓနုဖြူမြို့နယ်တွင် ပြီးခဲ့သည့် ဇူလိုင်လနှင့် ဩဂုတ်လအတွင်းက ချင်း ၁၀ ပိဿာလျှင် ငွေကျပ် ၄၅၀၀၀ ထိသာဈေးရှိခဲ့ပြီး စက်တင်ဘာလ ၁ ရက်မှ ယနေ့(စက်တင်ဘာလ ၁၂) ရက်နေ့ထိ ချင်း ၁၀ ပိဿာလျှင် ငွေကျပ် ၇၅၀၀၀ ထိ ဈေးကောင်းရရှိလာကြောင်း၊ အဆိုပါချင်းများ ဈေးကောင်းရရှိလာသည့်အတွက် ချင်းစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများ အဆင်ပြေနေကြောင်း သိရသည်။ “လက်ရှိ ချင်း ၁၀ ပိဿာကို ငွေကျပ် ၇၅၀၀၀ ထိ ဈေးကောင်းရရှိလာပါတယ်။ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူတွေက အဓိကအဆင်ပြေတာတွေ့ရပါတယ်။ အခုလို ချင်းဈေးကောင်းလာတာကလည်း ပြည်တွင်းဈေးကွက်မှာ ချင်းကအဝယ်ကောင်းနေလို့ဖြစ်ပါတယ်။ ဒေသထွက်ချင်းတွေကို ဒေသဈေးအပြင် ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေပါတယ်။ ဒေသမှာက ချင်းကို တစ်နိုင်တစ်ပိုင်စိုက်ပျိုးတဲ့သူတွေများတယ်။ အခြားဒေသတွေလောက် အများကြီးမထွက်ပေမဲ့ ပုံမှန်ထွက်ရှိနေပါတယ်”ဟု ဓနုဖြူမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ဌေးက ပြောပြသည်။

ဓနုဖြူမြို့နယ်တွင် ဒေသခံတောင်သူများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနှင့်ယှဉ်တွဲပြီး ချင်းစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်လျက်ရှိကြောင်း၊ အဆိုပါချင်းများ ဈေးကောင်းရရှိလာသည့်အတွက် ချင်းစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများ အဆင်ပြေနေကြောင်း ၎င်းကဆက်လက်ပြောပြ၍ သိရသည်။

**Source: ရတနာပုံသတင်းစာ**

## မြန်မာ့သကြား တန်ချိန် ၁၀၀၀၀ ဝယ်ယူလိုကြောင်း ဗီယက်နမ်မှ အမှာစာပို့

မြန်မာနိုင်ငံမှ ထွက်ရှိသည့် သကြားတန်ချိန် ၁၀၀၀၀ ဝယ်ယူလိုကြောင်း ဗီယက်နမ်နိုင်ငံမှ အမှာစာပေးပို့ထားကြောင်း မြန်မာနိုင်ငံ သကြားနှင့်ကြံထွက်ပစ္စည်း လုပ်ငန်းရှင်များအသင်းမှသိရသည်။ လက်ရှိတွင် ပြည်တွင်းစားသုံးမှု ဖူလုံစေရေး ဦးစားပေးနေသည့်အတွက် လာမည့်ကြံရာသီ ရောက်မှသာ ဗီယက်နမ်သို့ သကြားတင်ပို့သွားမည်ဖြစ်ကြောင်းလည်း သိရသည်။ “ဗီယက်နမ်ဘက်က သူတို့ဝယ်ချင်တယ်ဆိုပြီး စာလာတယ်။ ဒီဘက်မှာက ကြံပေါ်ဖို့က လာမယ့်ဒီဇင်ဘာလမှပေါ်မှာ။ ဒါကြောင့် ၂၀၂၃-၂၀၂၄ ကြံရာသီအသစ်မှာပဲ ရောင်းချနိုင်တော့မယ်”ဟု မြန်မာနိုင်ငံ ကြံနှင့်သကြားလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာ့သကြားကို ဗီယက်နမ်မှ အများဆုံးဝယ်ယူနေခြင်းဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံမှလည်း မြန်မာ့သကြားကို ဝယ်ယူရန် အစီအစဉ်ရှိသည့်အပြင် တရုတ်နိုင်ငံသို့လည်း နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှတဆင့် သကြားအရည် တင်ပို့လျက်ရှိကြောင်း သိရသည်။ ယခင်က ဗီယက်နမ်နိုင်ငံမှ မြန်မာ့သကြားကို တန်ချိန် ၇၀၀၀ မှ ၉၀၀၀ ဝန်းကျင်ထိ ဝယ်ယူနေရာမှ ယခုတွင် တန်ချိန် ၁၀၀၀၀ အထိ တိုးမြှင့်ဝယ်ယူရန် စီစဉ်နေခြင်းဖြစ်ကြောင်းလည်း သိရသည်။

မြန်မာနိုင်ငံတွင် သကြားစက်ရုံပေါင်း (၂၃) ရုံရှိပြီး ယခုနှစ်တွင် သကြားတန်ချိန် (၄) သိန်းခန့်ထွက်ရှိကာ ကြံကြိတ်ခွဲရာသီ ဒီဇင်ဘာမရောက်မီထိ သကြားတန်ချိန် (၁) သိန်းခန့်သာ ကျန်ရှိတော့ကြောင်း မြန်မာနိုင်ငံ သကြားနှင့်ကြံထွက်ပစ္စည်း လုပ်ငန်းရှင်များအသင်းမှ သိရသည်။

**Source:** https://www.popularmyanmar.com/?p=129041

## ပြည်တွင်း၌ ရုရှားနိုင်ငံသုံး MIR ငွေပေးချေကဒ်ကို လာမည့်လမှစတင်၍ လက်ခံအသုံးပြုမည်




ရုရှားနိုင်ငံသုံး MIR Card ကို မြန်မာနိုင်ငံ၏ ငွေပေးချေမှုစနစ်တွင် လာမည့်အောက်တိုဘာလမှစပြီး လက်ခံအသုံးပြုသွားမည်ဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်စီးပွားဆက်သွယ်ရေးဝန်ကြီး ဒေါက်တာကံဇော်၏ ပြောကြားချက်အရ သိရသည်။


ရုရှားနိုင်ငံ၊ ဗလာဒီဗော့စတော့ခ်မြို့တွင် ကျင်းပသည့် အရှေ့စီးပွားရေးဖိုရမ်သို့ တက်ရောက်ရန်ရောက်ရှိနေသည့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီး ဒေါက်တာကံဇော်က မော်စကိုအခြေစိုက် Sputnik သတင်းဌာနကို အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါ ရုရှားငွေပေးချေမှုစနစ် MIR Payment System ကတ်အသုံးပြုရန် ပြည်တွင်းဘဏ် (၆) ခု လက်မှတ်ရေးထိုးထားကြောင်းလည်း ဒေါက်တာကံဇော်က ထည့်သွင်းပြောကြားသွားသည်။ ထို့ပြင် ရုရှား၏ရေနံထွက်ကုန်များကို ဝယ်ယူရာတွင် မြန်မာမှ ကျပ်-ရူဘယ်ငွေ တိုက်ရိုက်ပေးချေမည့် သဘောတူညီချက်ကိုကြိုးစားနေကြောင်း သတင်းထုတ်ပြန်ချက်များအရ သိရသည်။

လက်ရှိတွင် တရုတ်ယွမ်ငွေဖြင့် ပေးချေအသုံးပြုနေသည့်အတွက် ကျပ်-ရူဘယ် သဘောတူညီချက် လုပ်ဆောင်ရန်ကြိုးစားနေပြီး အဆိုပါသဘောတူညီချက်ကို မကြာခင်လက်မှတ်ရေးထိုးတော့မည်ဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်စီးပွားဆက်သွယ်ရေးဝန်ကြီး ဒေါက်တာကံဇော်က ပြောကြားထားသည်။

**Source:** https://www.popularmyanmar.com/?p=128940

## STOCK EXCHANGE (13.9.2023)



YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 13th Sep. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 27,723 (Shares) | 51,168,950 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,000 | +0 | +0.00% | 9,000 | 9,000 | 9,000 | 24 | 216,000 | 33,109,694 | 297,987 |
| MTSH | 00002 | 3,050 | -100 | -3.17% | 3,000 | 3,100 | 3,000 | 2,065 | 6,221,850 | 38,929,150 | 118,734 |
| MCB | 00003 | 7,400 | +100 | +1.37% | 7,400 | 7,400 | 7,400 | 20 | 148,000 | 10,400,986 | 76,967 |
| FPB | 00004 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,700 | 4,611 | 7,838,700 | 29,664,613 | 50,430 |
| TMH | 00005 | 2,350 | +0 | +0.00% | 2,350 | 2,350 | 2,350 | 0 | 0 | 12,823,224 | 30,135 |
| EFR | 00006 | 2,300 | +0 | +0.00% | 2,300 | 2,300 | 2,200 | 1,555 | 3,492,500 | 19,977,223 | 45,948 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 16 | 78,400 | 10,497,598 | 51,438 |
| MAEX | 00008 | 1,800 | +0 | +0.00% | 1,800 | 1,800 | 1,750 | 1,891 | 3,353,800 | 23,804,946 | 42,849 |



YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary


### Market summary

As of 13th Sep. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 378.80 | -1.51 | -0.40% | 377.22 | 379.28 | 377.19 | 10,182 | 21,349,250 | 8 | 714,488 |

**Index chart**



YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

We are the first-ever modern stock exchange in Myanmar and stock trading at YSX has started from · Quick link · Notice · Disclosure

## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 13th Sep. 2023

| Trading Volume | Trading Value |
|---|---|
| 27,723 (Shares) | 51,168,950 (MMK) |

### Main Board

As of 1:00 pm, 13th Sep. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 27,723 (Shares) | 51,168,950 (MMK) |

| MYANPIX | 378.80 ▼ 1.51 |
|---|---|
| Total Volume (shares) | 10,182 |
| Total Value (MMK) | 21 mil |
| Listed Company | 8 |
| Market Cap. (MMK) | 714,488 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,000 | ▲ 0 |
| MTSH | 00002 | 3,050 | ▼ 100 |
| MCB | 00003 | 7,400 | ▲ 100 |
| FPB | 00004 | 1,700 | ▲ 0 |
| TMH | 00005 | 2,350 | ▲ 0 |
| EFR | 00006 | 2,300 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |

TIR